# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၄၀)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွမ် ဆီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) စတုတ္ထနေ့တွင် သြဝါဒစကားမြွက်ကြားစဉ်။ (သတင်းစဉ်)

**အနှောင့်အယှက် အကျပ်အတည်းတွေသာ မရှိရင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လိမ့်မယ်၊ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာမှာလည်း ပိုမိုမြန်ဆန်လာမှာပဲဖြစ်၊ ပြည်ထောင်စုကြီး မပြိုကွဲဖို့၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲဖို့၊ အချုပ်အခြာအာဏာဆုံးရှုံးပြီး သူတစ်ပါးစေခိုင်းသမျှ လုပ်ရတဲ့ဘဝကို မရောက်ဖို့ ကြိုးစားဆောင်ရွက်နေ။**

# နိုင်ငံတော်တည်ဆောက်ရေးကို အနှောင့်အယှက်များကြားက ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော်နေ စေတနာမှန်ဖြင့် ဖော်ဆောင်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးမှုနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေးပါရရှိ ပြည်သူများခံစားရရှိနေသည့်အခြေခံကောင်းများ ယုတ်လျော့မှုမရှိအောင် ကာကွယ်ထိန်းသိမ်း အကျပ်အတည်း ဘယ်လိုပဲရှိရှိ ကျော်လွှားနိုင်အောင် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သည့်စိတ်ဓာတ်မွေးမြူ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) စတုတ္ထနေ့(ယနေ့)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသော သြဝါဒစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မောင်တို့မယ်တို့–

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးမှာ မောင်တို့မယ်တို့ အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ●



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

# အမျိုးသားရေးတာဝန်ကို တက်ကြွစွာထမ်းရွက်နေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးရှေးရှုလျက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် ရည်ရွယ်တည်ထောင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးသည် သမိုင်းကပေးအပ်သော အမျိုးသားရေးတာဝန်ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ယင်းတာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိသည်။

တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူတွင် သွေးရင်းသားချင်း ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာစသည်တို့ ရှင်သန်ပြန့်ပွားရေးနှင့် တိုင်းရင်းသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ရှိမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ထာဝစဉ်တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်သည့်အတိုင်း ယင်းခံယူချက်နှင့်အညီ အလေးအနက်ထား ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ဘာသာရေးဆိုင်ရာ အခြေခံမူတွင် လူသားအားလုံး မိမိတို့သက်ဝင်ယုံကြည်သည့် ဘာသာတစ်ခုခုကို ကိုးကွယ်ကြမြဲဖြစ်သည်။ ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်၍ အသင်းကြီးက တတ်စွမ်းသမျှ ကူညီအားပေးလျက်ရှိသည်။

လူမှုရေးဆိုင်ရာအခြေခံမူတွင် ရပ်ရေးရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်သည်။ လူမှုရေးဆိုင်ရာ ရပ်ရေးရွာရေး ဟူသမျှကို အသင်းကြီးအနေဖြင့် စွမ်းစွမ်းတမံ ပါဝင်ရွက်ဆောင်နေပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ယင်းကဲ့သို့ မွန်မြတ်ခိုင်ကျည်သော အခြေခံမူများ လက်ကိုင်ပြု၍ ပြည်သူ့ဘဝနယ်ပယ်၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လူထုအစည်းအဝေးကြီးများတွင် ပြည်သူလူထုနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ရုံမျှမက ဦးဆောင်စည်းရုံး လှုပ်ရှားခဲ့သည်။ ထိုအပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများစသည့် အမျိုးသားရေးတာဝန်များကိုလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲ၍ တက်ကြွစွာထမ်းရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

## ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ၏

## ဆုံးမသြဝါဒ (၃)

### ခေါင့်ကြည့်ပါ

မကောင်းမှုကား အကျိုးမပေးသေးသမျှ
လူမိုက်သည် မကောင်းမှုကို
ပျားရည်ကဲ့သို့ ချိုသည်ဟု ထင်မှတ်၏။
အချိန်တန်၍ မကောင်းမှုအကျိုး ပေးလာသောအခါ၌ကား
လူမိုက်သည် လွတ်လမ်းမရှိ၊ ဆင်းရဲဒုက္ခ အတိ ရောက်ရလေသည်။ ။

**ဓမ္မပဒ၊ တလဝဂ်**
**(သာသနာရေး)**

# ဗီယက်နမ်ထုတ်ကုန်ပစ္စည်းများ ကမ္ဘောဒီးယားသို့ ပိုမိုတင်ပို့ယခုနှစ်၌ ဒေါ်လာတစ်ဘီလီယံခန့်အထိ ရောက်ရှိမည်ခန့်မှန်း

ဟန္တိုင်း နိုဝင်ဘာ ၈

**ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ပမာဏရှိသော ကုန်ပစ္စည်းများကို တင်ပို့နိုင်မည်ဟု ခန့်မှန်းထားရာ ၂၀၀၅ခုနှစ်က အမေရိကန်ဒေါ်လာ ၅၃၆သန်းထက် ပိုမိုများပြားကြောင်း ဗီယက်နမ်ပြည်တွင်း သတင်းဌာနတစ်ခုက နိုဝင်ဘာ ၆ ရက်၌ သတင်းထုတ်ပြန်သည်။**

ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့သော ပစ္စည်းအမျိုးအစားများမှာ ခေါက်ဆွဲခြောက်၊ ပလတ်စတစ်ပစ္စည်းများ၊ ပင်လယ် အစားအစာများ၊ လျှပ်စစ်ပစ္စည်းများနှင့် ကေဘယ်လ်ကြိုးများစသည့် ပစ္စည်းအမျိုးအစားအများအပြားပါဝင်သည်။

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ဗီယက်နမ်နိုင်ငံထုတ်ကုန်များဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကို ဝယ်လိုအားကောင်းကြောင်း၊ လာမည့်သီတင်းပတ်များတွင် အများအပြားတင်ပို့ရမည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောကြားသည်။

### တင်သွင်း

ဗီယက်နမ်နိုင်ငံကလည်း ကမ္ဘောဒီးယားနိုင်ငံ ထုတ်ကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ သစ်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးရွက်ကြီးနှင့် အဝတ်အစားများကို ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၅၆ ဒသမ ၇ သန်းခန့် တင်သွင်းခဲ့သည်။

### တိုးတက်

ဗီယက်နမ်နှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံကြား အပြန်အလှန် ကုန်သွယ်မှု တိုးတက်လျက်ရှိရာ ၂၀၀၁ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှု အမေရိကန် ဒေါ်လာ ၁၈၅သန်းမှ၂၀၀၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၄၀ထိရှိလာခဲ့သည်။

### မြင့်တက်

ထို့အတူ ၂၀၀၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၃၅၀နှင့်၂၀၀၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၅၁၅သန်းရှိပြီး ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၂သန်း အထိ နှစ်နိုင်ငံကုန်သွယ်မှု မြင့်တက်လာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး ဆင်ဟွာနှင့်ရုရှားသတင်းဌာနတို့ သဘောတူညီ

ပေကျင်း နိုဝင်ဘာ ၈

**တရုတ်နိုင်ငံ ဆင်ဟွာသတင်းဌာနနှင့် ရုရှားနိုင်ငံမှသတင်းဌာန အာအိုင်အေ-နိုဗော့စတီတို့ ပူးပေါင်းဆောင်ရွက်ရန် ပေကျင်းမြို့တွင် နိုဝင်ဘာ ၆ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ကြပြီ ဖြစ်သည်။**

### လက်မှတ်ရေးထိုး

ထိုသို့ သဘောတူ လက်မှတ်ထိုးမှုကို ဆင်ဟွာသတင်းဌာန ဒုတိယအကြီးအကဲ လူဝီနှင့် အာအိုင်အေ-နိုဗော့စတီ သတင်းဌာန၏ ပထမဒုတိယအကြီးအကဲ ဗွီဗွိုင်ခူခိုလက်ဗ်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

### အပြန်အလှန်ဖလှယ်

အဆိုပါသဘောတူညီချက်အရ အာအိုင်အေ-နိုဗော့စတီသတင်းဌာနမှ အင်္ဂလိပ်နှင့် ရုရှားနိုင်ငံ သတင်းများကိုလည်းကောင်း၊ ဆင်ဟွာသတင်းဌာန အင်္ဂလိပ်နှင့် တရုတ်သတင်းများကိုလည်းကောင်း အခမဲ့ အပြန်အလှန် ဖလှယ်ပေးပို့ကြမည် ဖြစ်သည်။

### ဆောင်ရွက်

ထို့အတူ အဆိုပါ သတင်းဌာနနှစ်ခုအနေဖြင့် အခြားသတင်းဝက်ဆိုက်များနှင့်လည်းသတင်း၊ ဓာတ်ပုံများ အပြန်အလှန် ဖလှယ်ရေး ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တူရကီ၌ရေလွှမ်း သုံးဦးပျောက်ဆုံး အိမ်ခြေ ၁၅၀ဝခန့် ပျက်စီးခဲ့ရ

**အင်ကာရာ နိုဝင်ဘာ ၈**

တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဟက်ကာရီပြည်နယ်ရှိ ဆမ်ဒင်လီမြို့တွင် နိုဝင်ဘာ ၅ရက်မှစတင်ကာ မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် လူသုံးဦးပျောက်ဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီရာသတင်းဌာနက နိုဝင်ဘာ၆ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

### ဘေးကင်းရာသို့ရွှေ့ပြောင်း

ထိုသို့ရေလွှမ်းမှုကြောင့် ဆမ်ဒင်လီမြို့တွင် နေအိမ်၁၅၀ဝခန့်ပျက်စီးခဲ့ရပြီး လူ ၁၅၀ဝခန့်ရေလွှမ်းမှုမှ ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။ အဆိုပါ မိုးရွာသွန်းမှုမှာ နိုဝင်ဘာ ၅ ရက်မှ စတင်၍ ရွာသွန်းခဲ့ခြင်းဖြစ်သည်။

### သွားလာမှုပြတ်တောက်

ရေဘေးဒုက္ခ ကြုံတွေ့နေရသူများကို စာသင်ကျောင်းနှစ်ကျောင်းတွင် စခန်းချနေထိုင်ပေးခဲ့ရသည်။လျှပ်စစ် ဓာတ်အားလိုင်းများလည်း ပြတ်တောက်ပျက်စီးခဲ့ရပြီး အချို့လမ်းများမှာ ရေလွှမ်းနေမှုကြောင့် သွားလာမှုပြတ်တောက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) တက်ရောက်ပြီး ဩဝါဒစကားမြွက်ကြား ထူးချွန် လူငယ်မောင်မယ်များအား အသင်းအထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)စတုတ္ထနေ့သို့ တက်ရောက်၍ ဩဝါဒစကားမြွက်ကြားသည်။**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး(၂၀၀၆)သို့ ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုနာယကအဖွဲ့ဝင်များ ဖြစ် ကြသည့် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင်ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ် ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ် ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကျင်းပရေးဗဟိုကော်မတီ နှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ဆပ် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွား ရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာ နိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်း အရုံး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန် သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်တို့မှ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့် ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ၂၀၀၆ ခုနှစ် ထူးချွန်လူငယ်များနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်လာသည့် ကိုယ်စားလှယ် များနှင့် ထူးချွန်လူငယ် မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

အစည်းအဝေးတွင် အခမ်းအနား မှူးအဖြစ် ရခိုင်ပြည်နယ် မြောက်ဦး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှု ဆောင် ဒေါ်နှင်းနှင်းကျော်က ဆောင် ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ချင်းရွှေဟော် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်း ရွှေအေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယကကြီး၏ ခွင့်ပြုချက် အရ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)စတုတ္ထနေ့ အစီ အစဉ်များ စတင်ကျင်းပကြောင်း ကြေညာသည်။

## ဩဝါဒစကားမြွက်ကြား

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကား မြွက်ကြားသည်။

**(နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဩဝါဒစကားကို သီးခြား ဖော်ပြထားပါသည်။)**

## ဂုဏ်ပြုလက်ဆောင်များပေးအပ်

ထို့နောက် ၂၀၀၆ခုနှစ် ထူးချွန် လူငယ်များအား ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ရာ ရှေးဦးစွာ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် အမှတ်စဉ်(၁)မှ (၁၀)ရရှိသူ ကျောင်း သားကျောင်းသူများဖြစ်ကြသည့် မြန်မာ တစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိ သည့်အပြင် ရန်ကုန်တိုင်းတွင်လည်း ထူးချွန်စွာပထမရရှိခဲ့သည့်ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မအိအိလှိုင်၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယဆုရရှိခဲ့ကြသောရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မသီရိဝင်း၊ ရန်ကုန်တိုင်းလမ်းမတော်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း မှ မနန်းပိုးပိုးဟန်ထွေးနှင့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမြသန္တာ၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယဆုရရှိခဲ့ကြသော ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ မအိဖြူ ဖြူဆွေ၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ မချမ်းမြေ့မြေ့စိုး၊ ရန်ကုန် တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်ပိုင် မင်းထွေး၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ်

**စာမျက်နှာ ၄ ကော်လံ ၁**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာ တစ်ပြည်လုံးတွင် ထူးချွန်စွာဒုတိယရရှိခဲ့သည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မသီရိဝင်းအား ဂုဏ်ပြု လက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာ တစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယရရှိခဲ့သည့် ရန်ကုန်တိုင်း လမ်းမတော် မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မအိဖြူဖြူဆွေအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာ တစ်ပြည်လုံးတွင် ထူးချွန်စွာ အဋ္ဌမရရှိခဲ့သည့်အပြင် ရောဝတီတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သည့် ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းမှ မောင်ကောင်းမြတ်သူအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

***စာမျက်နှာ ၃ မှ***

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမြသီတာဝင်းနှင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယရရှိခဲ့သည့်အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မခင်နန္ဒာကျော်၊ မြန်မာတစ်ပြည်လုံးတွင် စတုတ္ထရရှိခဲ့သော ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မအိသဥ္ဇာမော်၊ မြန်မာတစ်ပြည်လုံးတွင် ပဥ္စမရရှိခဲ့ကြသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မမိုးနှင်းဖြူမြင့်လွင်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုင်းအားရွှန်းဆိုင်နှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမေသူနွယ်နွယ်၊ မြန်မာတစ်ပြည်လုံးတွင် ဆဋ္ဌမရရှိခဲ့သည့်အပြင် မွန်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သည့် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မခင်ခင်လေး၊ မြန်မာတစ်ပြည်လုံးတွင် ဆဋ္ဌမရရှိခဲ့ကြသည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မမိုးမြင့်သီရိ၊ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းဦးဟန်၊ ရန်ကုန်တိုင်း လသာမြို့နယ်အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမေသူခိုင်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မကြည်စောတင်၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမရရှိခဲ့ကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက် တန်းကျောင်းမှ မကြည်ပြာသန်းယု၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်ဝါထက်ထက်အောင်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မရည်မွန်ဦး၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်ထက်ဝေနှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်နိုး၊ မြန်မာတစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့ကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ကျော်မွန်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်မင်းမင်းဦး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရဲထွန်းစိုး၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရှိန်လင်းဦး၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မဆုရွှေရည်ဝင်း၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ဘုန်းပြည့်၊ ရန်ကုန်တိုင်း ရွှေပြည်သာ မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မချိုသွေးမွန်၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်မွန်မြတ်နှင့် မြန်မာတစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့သည့်အပြင် ဧရာဝတီတိုင်းတွင်လည်း ထူးချွန်စွာပထမရရှိခဲ့သည့် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်သူ၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့သည့်အပြင် ပဲခူးတိုင်း(အနောက်)တွင်လည်း ထူးချွန်စွာပထမရရှိခဲ့သည့် ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မဟန်ဇာပိုးပိုး၊ မြန်မာတစ်ပြည်လုံး တွင် နဝမရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာပထမရရှိခဲ့သည့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ဖောင်တော်ဦး တွဲဖက် အခြေခံပညာအထက်တန်းကျောင်းမှ မဆုလတ်ဖြူ၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့ကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘုန်းကြွယ်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မစုနန္ဒာမင်း၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ပြည့်ဖြိုးဇော်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဝင်းလဲ့ဖြူနှင့် ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုမြတ်စန္ဒီအောင်၊ မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့ကြသည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးသီဟ၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မဟေမာန်ထွန်း၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မဟေမာန်ဖူး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မယဉ်မင်းသက်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရှိုင်းမော်ထူး၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမို့မို့ဟန်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဇင်မာထွန်း၊ရန်ကုန်တိုင်းဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းမြတ်လူနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ မဝင်းအိခိုင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာတစ်ပြည်လုံးတွင် ဝိဇ္ဇာဘာသာအခြေခံသော စိတ်ကြိုက်ဘာသာဖြင့်အမှတ်စဉ်(၁)မှ (၁၀) ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် ရှမ်းပြည်နယ် (တောင် ပိုင်း)တွင်လည်း ထူးချွန်စွာပထမရရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မအေးချမ်းအောင်၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိခဲ့သည့်အပြင် ပဲခူးတိုင်း (အနောက်)တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ပဲခူးတိုင်း (အနောက်) ပေါင်းတည်မြို့နယ် ပေါက်မှော်အခြေခံပညာအထက်တန်းကျောင်းခွဲမှ မောင်ဇော်မင်းထွန်း၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယရရှိခဲ့သည့်အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထိန်နန်၊ မြန်မာတစ်ပြည်လုံးတွင် စတုတ္ထရရှိခဲ့သည့်အပြင် ဧရာဝတီတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ဧရာဝတီတိုင်း မြန်အောင်မြို့ အခြေခံပညာ အထက် တန်းကျောင်းမှ မောင်အောင်ဆန်းမင်း၊ မြန်မာတစ်ပြည်လုံးတွင် ပဥ္စမရရှိခဲ့သည့်အပြင် ကချင်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မမေသက်မော်၊ မြန်မာတစ်ပြည်လုံးတွင် ပဥ္စမရရှိခဲ့သော ဧရာဝတီတိုင်း ကျောင်းကုန်းမြို့မှ မောင်အောင်မျိုးဆန်း၊ မြန်မာတစ်ပြည်လုံးတွင် ဆဋ္ဌမရရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့မှ မခါးရာ၊ မြန်မာတစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့သော ဧရာဝတီတိုင်းငပုတောမြို့နယ်ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်မြင့်ထွန်း၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့သည့် ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ကြို့ကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲမှ မအေးမြတ်သူ၊ မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သည့်အပြင် မကွေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မကွေးတိုင်း ဂန့်ဂေါမြို့ မောက်ရှာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မောင်ဝင်းထွန်းအောင်နှင့် မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သော ဧရာဝတီတိုင်း ရေကြည်မြို့ အခြေခံပညာထက်တန်းကျောင်းမှ မမေမြတ်မွန်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

***စာမျက်နှာ ၁၁ ကော်လံ ၁***



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကယားပြည်နယ်တွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးမို့မို့ဝေအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ချင်းပြည်နယ်တွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာပထမရရှိခဲ့သည့် ဟားခါးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မလဲန်ဇာမွေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာပထမရရှိခဲ့သည့်အပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) တွင်လည်း ထူးချွန်စွာပထမရရှိခဲ့သည့် အောင်ပန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မအေးချမ်းအောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာစတုတ္ထဆုရရှိခဲ့သည့်အပြင် ဧရာဝတီတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သည့် မြန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်ဆန်းမင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကရင်ပြည်နယ်တွင် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာပထမရရှိခဲ့သည့် ဘားအံမြို့နယ် ဝဲကရင် (အိန္ဒူ) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်သီဟအောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ စစ်ကိုင်းတိုင်းတွင် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာပထမရရှိခဲ့သည့် ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မထူးနိုင်ထူးအား ဂုဏ်ပြု လက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

■ *ကျောဖုံးမှ*

## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်း အဝေး(၂၀၀၆) ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်း ဒေသရေးရာ ညှိနှိုင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ ကိုယ်စားလှယ်များ၊ ထူးချွန် လူငယ် မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာ ရှင်များ၊ တေးသံရှင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများ ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက် လာကြသည့် ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)



## ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့်အစည်းအဝေးတက်ရန်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၈

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မှ နိုဝင်ဘာ ၁၄ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ကျင်းပမည့် ဒသမအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပဉ္စမအကြိမ် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အဆင့်အစည်းအဝေးများသို့ တက်ရောက်ရန် ယမန်နေ့တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။**

### ပို့ဆောင်နှုတ်ဆက်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ လည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆေးတက္ကသိုလ်(၁)ရန်ကုန် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၈၄–၁၉၉၀ပြည့်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာလတွင်ကျင်းပ မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ များ ပါဝင်လှူဒါန်းကြပါရန်နှင့် အလှူငွေ များကို ထည့်ဝင်လှူဒါန်းလိုပါက ဦးစည်သူအောင်ဖုန်း–၀၉–၈၀–၂၀၃၃၃၊ ဦးနေထက် ဖုန်း–၀၉–၈၀–၃၄၄၄၇၊ ဦးပြည်စိုးလွင်–ဖုန်း–၀၁–၂၅၄၀၇၇၊ ဦးဝင်းကြိုင်ဖုန်း– ၀၉–၅၁၄၅၉၄၃၊ ဦးဝင်းဦး ဖုန်း–၀၉–၅၁၂၅၀၉၂၊ ဦးသန့်ဇော်ဦး ဖုန်း–၀၉–၅၀၀၇၄၀၇၊ ဒေါ်စုစုထွန်း ဖုန်း–၀၉–၅၀၁၀၄၄၂၊ ဒေါ်စန်းစန်း အေး ဖုန်း–၀၉–၅၁၅၀၂၂၃၊ ဒေါ်ပြုံးပြုံးဟန် ဖုန်း–၀၉–၅၁၀၄၂၈၇၊ ဒေါ်ရှုမွန် ဖုန်း–၀၉–၅၀၀၄၂၆၅၊ ဒေါ်လွင်လွင်ဦးလှိုင် ဖုန်း–၀၉–၅၁၇၃၉၆၇၊ ဒေါ်ဝေဝေလွင် ဖုန်း–၀၁–၅၆၃၂၂၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရ သည်။ **(သတင်းစဉ်)**

ပြန်လည်ဆုံတွေ့နိုင်ရေးအတွက် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

## ၂၀၀၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကထုတ်ဝေသော ၂၀၀၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ယနေ့ဖြန့်ချိ ရောင်းချနေပြီဖြစ်ရာ ရုံးသုံးပြက္ခဒိန် စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ငွေကျပ် ၃၅၀၊ ပြက္ခဒိန် ရိုးရိုးတစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဖြန့်ချိ ရောင်းချပေးလျက်ရှိသည်။

ပြက္ခဒိန်ဝယ်ယူလိုသော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၊ တပ်မတော်တပ်ရင်း တပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များသည် ဝယ်ယူလိုသော စောင်ရေကို အမှာစာ၊ ကိုယ်စားလှယ်လွှဲစာနှင့်အတူ စာပေဗိမာန်အရောင်းဌာန ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ ဆက်သွယ်၍ ကျသင့်ငွေကို မျဉ်းသားချက်(သို့) ငွေသားဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည်။

တစ်ဦးချင်း လက်လီဝယ်ယူလိုပါက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိ နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့မကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြို့မကျောင်းသား ကျောင်းသူ ဟောင်းအသင်းက ကြီးမှူး၍ (၂၆)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲ ကို နိုဝင်ဘာ ၁၄ ရက်(အမျိုးသားနေ့)နံနက် ၉ နာရီခွဲတွင် အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ် မြတ်မွန် ရတနာခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများနှင့် မြို့မ ကျောင်းသား ကျောင်းသူဟောင်းများ

## အနာဂတ်၏ ကြယ်ပွင့်များ

✡ သစ္စာလေးချက်၊ ငါးချက်ရည်ရွယ်
ဆယ့်တစ်သွယ်ကျင့်ဝတ်၊ မယွင်းချွတ်ဘဲ
ခိုင်မြဲအဓိဌာန်၊ စိတ်အားသန်စွာ
နိုင်ငံအတွက်၊ အသက်ပေးဆက်ဖို့
ဖွဲ့လျက်တည်ထောင်၊ ပြည်ကျိုးဆောင်မည်
ညီနောင်မောင်နှမသွေးချင်းများ။
တပ်မတော်၏ အရန်အင်အား။

✡ စိတ်ဓာတ်စည်းကမ်း၊ ကြံ့ခိုင်စွမ်း၏
စိတ်ဝမ်းလည်းညီ၊ မသွေဖည်ဘဲ
ခေတ်မီနိုင်ငံ၊ ဖြစ်တည်ရန်အတွက်
မိတ်ဖက်ပေါင်းရုံး၊ အစဉ်စည်းလုံးလျက်
အဆုံးပန်းတိုင်၊ တက်လှမ်းနိုင်အောင်
မြဲခိုင်မတ်မတ်၊ ရှေ့မှရပ်ကာ
ဘယာရန်ဘေး၊ ကာကွယ်ပေးမည်
အရေးသုံးပါးဦးထိပ်ထား။
အမျိုးသားရေးစိတ်ဓာတ်ရှိသူများ။

✡ ဩော် . . .
ပြည်ထောင်စုဖွား၊ သမီးသားတို့
လေးစားပါသည်၊ များယုံကြည်၏
မျှော်ရည်ပြည်သစ်၊ နောင်တစ်ခေတ်တွင်
မျိုးချစ်ခေါင်းဆောင်တွေဖြစ်ပါစေ။ ။
ဒို့ပြေ(ပြည်)ထာဝရတည်တံ့စေ။ ။

[ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုလျက်-]

**ပုဂံမွှေးကြည်**



## လက်ဆောင်ပေးအပ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၀၆ခုနှစ် နိုဝင်ဘာ၉ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ နေပြည်တော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ရန်ကုန်မြို့များ၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ ညောင်ဦးမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြသည်။**

### ကြိုဆို

ရှေးဦးစွာ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### လက်ဆောင်ပေး

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ညောင်ဦးမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ရန်ကုန်မြို့များ၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ညောင်ဦးမြို့သို့ ထွက်ခွာသွားသော လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်းအား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ဖတ်ကြား

ရန်ကုန် နိုဝင်ဘာ ၈

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံးမောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။**

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၉ ဦး ရှိသည့်အနက် ၁၀၇ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ဦးအုံးမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံ ပြုချက်စာတမ်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဦးတင်ဝင်းကလည်းကောင်း၊ အားကစားဝန်ကြီးဌာနမှ ဦးသိန်းအောင်ကလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံးမောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)






# သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး တက်ကြွစွာပါဝင်ဆောင်ရွက်

● ရှေ့ဖုံးမှ

တစ်မျိုးသားလုံးရဲ့ ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးထူထောင်ရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ အမျိုးသားရေးအင်အားစု အဖြစ် ရပ်တည်ပြီး ပါဝင်ဆင်နွှဲခဲ့တာ ယခုဆိုရင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီး ဖြစ်တယ်။

## မွန်မြတ်သည့်ပန်းတိုင်

ဒီရည်မှန်းချက်ပန်းတိုင်ဟာ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမယ့် တစ်မျိုးသားလုံးနဲ့ အကျိုးဝင်တဲ့ မွန်မြတ်တဲ့ပန်းတိုင်ပဲဖြစ်တယ်။

ဒီလို မွန်မြတ်အရေးပါတဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးမှာ ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာအောင် ဦးဆောင်စည်းရုံးသွားဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေးအင်အားစုအဖြစ် ဖွဲ့စည်းထူထောင်ခဲ့တာဖြစ်တယ်။

## လေ့ကျင့်ပျိုးထောင်

အသင်းကြီး စတင်ဖွဲ့စည်းချိန်ကစပြီး အသင်းအဆင့်ဆင့်ဖွဲ့စည်းရေး၊ စည်းရုံးရေးနဲ့ ပြည်သူ့အကျိုးပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း အသင်းဝင်လူငယ်များရဲ့ ကာယ၊ ဉာဏစွမ်းရည် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့တယ်။

အသင်းကြီးက ပို့ချလေ့ကျင့်ပေးခဲ့တဲ့ သင်တန်းတွေထဲမှာ နိုင်ငံ့သားကောင်း အရည်အသွေး၊ အရည်အချင်းဆိုင်ရာ သင်တန်းများ၊ ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ နိုင်ငံတကာရေးရာသင်တန်းများ၊ အသက်မွေးမှု အတတ်ပညာသင်တန်းများ၊ ဘာသာစကားနဲ့ နည်းပညာသင်တန်းများအထိ ပါဝင်နေတာကို တွေ့ရှိနိုင်တယ်။

## ၂၄ သန်းကျော် တက်ရောက်ခဲ့

အသင်းကြီးရဲ့ သက်တမ်းအတွင်း ဗဟိုအဆင့်မှ ကျေးလက်ဒေသအထိ အဆင့်အသီးသီးမှာ ဖွင့်လှစ်ခဲ့တဲ့ သင်တန်းများတွင် လူငယ်လူရွယ်ပေါင်း ၂၄ သန်းကျော် တက်ရောက်ခဲ့ကြပြီး ဖြစ်တယ်။ ယခုနှစ် နွေရာသီကာလအတွင်း ကျေးလက်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံး နေရာပေါင်း ၂၈၄၀၀ က ဖွင့်လှစ်ခဲ့တဲ့ သင်တန်းများမှာ လူငယ်သင်တန်းသား သုံးသန်းသုံးသိန်းကျော် တက်ရောက်ခဲ့တယ်။

ခြုံကြည့်လိုက်ရင် နှစ်စဉ် သင်တန်းသားဦးရေ သုံးသန်းကျော်ကို ပုံမှန် လေ့ကျင့်ပေးနိုင်လျက်ရှိကြောင်း တွေ့ရှိရတယ်။ ဒီသင်တန်းများကြောင့် ပြည်ထောင်စုကြီးရဲ့ တန်ဖိုး၊ ချစ်ကြည်စည်းလုံးညီညွတ်ခြင်းနဲ့ ငြိမ်းချမ်းခြင်းရဲ့ တန်ဖိုး၊ အချုပ်အခြာအာဏာရဲ့ တန်ဖိုးတွေကို သဘောပေါက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို ပိုမိုမြတ်နိုး တန်ဖိုးထားတတ်လာမှာဖြစ်တယ်။

## စဉ်ဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကြီးဟာ မျိုးဆက်တစ်ခုမှ မျိုးဆက်သစ်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော်ကြရမယ့် လုပ်ငန်းကြီးဖြစ်တယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမယ့် လုပ်ငန်းကြီးဖြစ်ပြီး ကောင်းမွန်တဲ့ အနာဂတ်ကိုဖန်တီးနိုင်အောင် အားထုတ်ကြရတာဖြစ်တယ်။

မြန်မာနိုင်ငံတော်ဖြစ်ပေါ်ပြောင်းလဲခဲ့တဲ့ သမိုင်းစဉ်ကို လေ့လာကြည့်ရင် စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတွေနဲ့ ပြည့်စုံနေတဲ့အပြင် လူမှုရေးကျင့်ဝတ်ခိုင်မြဲအောင် အားထုတ်ပြီး အမျိုးသားရေး စိတ်ဓာတ်မြင့်မားနေတဲ့ နိုင်ငံသားတွေကို တွေ့ရှိရမှာဖြစ်တယ်။

**မြန်မာနိုင်ငံ၏ အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်သော ၁၁၅၇၅ ပေရှည်သည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)သည် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် ကြီးမားစွာ အထောက်အကူပြုလျက်ရှိနေပေပြီ။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## ဂုဏ်ရောင်ထွန်းပြောင်

ဒါ့ကြောင့်လည်း ဒို့နိုင်ငံတော်မှာ သမိုင်းတင်နိုင်တဲ့ကာလကစပြီး အာရှတိုက်မှာ အင်အားခိုင်မာတောင့်တင်းတဲ့ နိုင်ငံတော်အဖြစ် သုံးကြိမ်ထူထောင်နိုင်ခဲ့တာဖြစ်တယ်။ အဲဒီသမိုင်းအစဉ်အလာများကြောင့် ဒို့နိုင်ငံသားတွေဟာ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်စိုးတဲ့ နိုင်ငံသားတွေအဖြစ် ဂုဏ်ရောင်ထွန်းပြောင်တဲ့ဘဝကို ရရှိခဲ့တယ်။

သို့သော်လည်း နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်ခံရတဲ့အတွက် ၁၉ ရာစုအတွင်းမှာ ထီးနန်းပျောက်ပြီး အချုပ်အခြာအာဏာ လက်လွတ် ဆုံးရှုံးခဲ့ရတယ်။ သူ့ကျွန်ဘဝကို မခံလိုတဲ့ ပြည်သူတစ်ရပ်လုံးဟာ လွတ်လပ်ရေးရရှိရေးအတွက် နိုးကြားခဲ့ကြပြီး ပြင်းပြတဲ့ဆန္ဒနဲ့ စည်းလုံးညီညွတ်မှုအင်အားကြောင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့တယ်။

**မောင်တို့မယ်တို့-**

ဒို့မြန်မာနိုင်ငံဟာ ကိုလိုနီလက်အောက်ခံဘဝက လွတ်မြောက်ပြီး မကြာခင်မှာပဲ ဂိုဏ်းဂဏဝါဒများကြောင့် လွတ်လပ်ရေးအတွက် အတူလက်တွဲဆင်နွှဲခဲ့ကြတဲ့ ရဲဘော်ရဲဘက်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြတယ်။ နယ်ချဲ့ပယောဂကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းလည်း စိတ်ဝမ်းကွဲပြီး အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရတယ်။ အဲဒီနောက် လက်နက်ကိုင်ပဋိပက္ခအထိ ဖြစ်ပွားခဲ့ပြီး တည်ငြိမ်အေးချမ်းမှုနဲ့ ညီညွတ်မှုအား ယုတ်လျော့ခဲ့ရတာတွေကြောင့် နိုင်ငံတော်မှာ လွတ်လပ်ရေးမရခင်က မျှော်မှန်းခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပြည်သူတွေရဲ့ လူနေမှုဘဝဟာ နိမ့်ကျခဲ့ရတယ်။ အဲဒီအခြေအနေမှာ ပြည်သူတွေဟာ အေးချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းခဲ့ကြတယ်။

## သန္နိဋ္ဌာန်ချမှတ်

ယနေ့နိုင်ငံတော်အစိုးရဟာ နိုင်ငံ့တာဝန်အရပ်ရပ်ကို လွှဲယူပြီးတဲ့နောက် ပြည်သူတွေရဲ့ မျှော်မှန်းချက်အတိုင်း အဘက်ဘက်မှာ စွမ်းရည်မြင့်မားတဲ့ နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားဖို့ သန္နိဋ္ဌာန်ချမှတ်ခဲ့တယ်။

**အတိတ်သမိုင်းရဲ့အတွေ့အကြုံအရ ချမှတ်ဖော်ဆောင်ရတဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ နိုင်ငံသားအားလုံး ဝိဝါဒကွဲပြားစရာမရှိတဲ့ အမျိုးသားရေးဝါဒဖြစ်တယ်။**

## ရေရှည်ရပ်တည်ရှင်သန်

**နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးအောင်၊ အေးချမ်းတည်ငြိမ်အောင် ပထမဆုံး အားထုတ်ဆောင်ရွက်ခဲ့တယ်။ ငြိမ်းချမ်းမှုနဲ့ ချစ်ကြည်သွေးစည်းညီညွတ်မှုကို ဦးတည်ပြီး စိတ်ရှည်လက်ရှည်ဆောင်ရွက်ခဲ့တဲ့အတွက် တောတွင်းလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ဟာ နိုင်ငံတော်အစိုးရနဲ့ အပြန်အလှန်နားလည်မှုရရှိပြီး ဥပဒေဘောင်အတွင်း လက်တွဲဆောင်ရွက်နေကြပြီဖြစ်သလို လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ပြီး အပြီးအပိုင် လက်နက်စွန့်လွှတ်တဲ့ အဖွဲ့များလည်း ရှိနေပြီဖြစ်တယ်။ အေးချမ်းတည်ငြိမ်မှုရရှိပြီးတဲ့နောက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်တွေချမှတ်ခဲ့တယ်။ မျက်မှောက်ခေတ်မှာ ခေတ်မီနိုင်ငံတော်အဖြစ် ထူထောင်နိုင်မှသာ ရေရှည်ရပ်တည် ရှင်သန်ဖွံ့ဖြိုးနိုင်မှာဖြစ်တယ်။**

ဒါကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ထူထောင်ရေးကို ပန်းတိုင်အဖြစ်သတ်မှတ်ပြီး ရှေးရှုဆောင်ရွက်နေတယ်။ နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းကြီးဟာ အလွန်နက်နဲကျယ်ပြန့်တာကို တွေ့ရမှာဖြစ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေဟာ များပြားကျယ်ဝန်းလှတယ်။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်းတည်ငြိမ်မှု၊ အမျိုးသားအင်အား ခိုင်မာတောင့်တင်းမှု လိုအပ်တယ်။

## ဦးတည်ချက်(၁၂)ရပ်

စီးပွားရေးအခြေခံအဆောက်အအုံတွေ ပြည့်စုံလုံလောက်ရန် လိုအပ်ပြီး တစ်ဆက်တည်း စီးပွားရေးစွမ်းအားနဲ့ လူမှုရေးစွမ်းအားတွေကို မြှင့်တင်သွားဖို့ လိုအပ်တယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေမှာ ဖော်ဆောင်သွားမယ့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့တယ်။

မြန်မာနိုင်ငံဟာ ယခုအချိန်အထိ စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်ပြီး နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုမှာ အခြေခံကျတဲ့ ကဏ္ဍကြီးဖြစ်တယ်။ စားနပ်ရိက္ခာဖူလုံရေးဟာလည်း ပြည်သူတို့ရဲ့ အဓိကအကျဆုံး လိုအပ်ချက်ဖြစ်တယ်။ ဒါ့ကြောင့် ရှိပြီးစိုက်ပျိုးမြေမှာ စိုက်ပျိုးရေရရှိရေး စီမံကိန်းတွေ အကောင်အထည်ဖော်ခဲ့တယ်။

ယနေ့ဆိုလျှင် ဆည်တမံ ၁၉၀ အသစ်တည်ဆောက်ပြီး၊ မြစ်ရေတင်စီမံကိန်း ၂၉၈ ခု အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်တယ်။ ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကိုလည်း ဖြည့်စွက်တည်ဆောက်ပေးခဲ့တယ်။ မြေအောက်ရေလျှံတွင်းများနဲ့ အငယ်စား ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းမကျန် ကွက်ပြည့်ဆောင်ရွက်ထားပြီလို့ ဆိုနိုင်တယ်။

## သီးနှံစိုက်စွမ်းအား

ဒါ့ကြောင့် အသားတင်စိုက်ပျိုးမြေဧက ၁၉ သန်း ၉ သိန်းမှ ၂၉ သန်း ၃ သိန်းအထိ တိုးတက်လာခဲ့သလို တစ်နှစ်ကာလမှာ စိုက်ပျိုးနိုင်မှုဟာလည်း ဧက ၂၃ သန်း ၈ သိန်းမှ ၄၆ သန်း ၉ သိန်းသို့ ပြောင်းလဲလာခဲ့တယ်။ အဲဒီအထဲမှာ မိုးစပါးစိုက်ဧကဟာ ဧက ၁၁ သန်းမှ ၁၆ သန်း ၈ သိန်းအထိ ရှိလာပြီဖြစ်တယ်။ ယခင် နွေစပါးမစိုက်နိုင်ခဲ့ပေမယ့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများ

စာမျက်နှာ ၈ ကော်လံ ၁ သို့

**လမ်းနဲ့ တံတားဟာ နိုင်ငံရဲ့ အခြေခံအကျဆုံး အဆောက်အအုံဖြစ်တာကြောင့် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အတွင်း လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းကို ပမာဏ ကြီးကြီးမားမားဆောင်ရွက်ခဲ့တယ်။ နိုင်ငံသားများရဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနဲ့ ကုန်ထုတ်လုပ်ငန်း များ တိုးတက်စေရန်၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာစေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အထူး အလေးပေး ဆောင်ရွက်ခဲ့တယ်။**



# ...ကာ နောင်တိုးပွားလာမည့် မျိုးဆက်များအတွက်ပါ အရန်အသင့်ရှိနေပြီ
# ...ခဲ့သည့် လမ်းတံတားများသည် လူမှုစီးပွားအခြေခံအဆောက်အအုံများအတွက်ဖြစ်



ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၏ အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား)သည် တိုင်းရင်းသားလူငယ် ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**မောင်တို့မယ်တို့-**

နိုင်ငံတော်မှာ အမျိုးသားစည်းလုံး ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကို ပြောခဲ့ပြီးဖြစ်တယ်။

## အကွက်ချဆောင်ရွက်

ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာမှာ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် အစီအမံရှိရှိ အကွက်ချ ဆောင်ရွက်နေတာဖြစ်တယ်။

အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်းဆိုရာမှာ သဘာဝစွမ်းအားအရင်းအမြစ် ဖော်ထုတ်အသုံးချရေး အကောင်အထည်ဖော်နေသလို လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးမြူစောင့်ရှောက်နေတာလည်းဖြစ်တယ်။ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်နေတယ်။

ပညာရေးကဏ္ဍမှာ အခြေခံပညာကျောင်း ၆၇၉၇ ကျောင်း အသစ်တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးနိုင်တာကြောင့် အခြေခံပညာကျောင်းပေါင်း ၄၀၅၄၄ ကျောင်း ရှိလာပြီဖြစ်တယ်။

## ထပ်ဆင့်တိုးမြှင့်

မူလတန်းလွန်ကျောင်း ၆၀၀၃ ကျောင်း ထပ်ဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။ အခြေခံပညာကျောင်းသားဦးရေ ငါးသန်း နှစ်သိန်းမှ ယခု ခုနစ်သန်းရှစ်သိန်းကျော်ရှိလာခဲ့သလို စာသင်သားဦးရေ နှစ်သန်း ခြောက်သိန်း တိုးတက်ပညာသင်ယူနိုင်ခဲ့ကြတယ်။

ယခင် တက္ကသိုလ်၊ ကောလိပ် ၃၂ ကျောင်းရှိရာက ယခု ၁၅၆ ကျောင်းရှိလာလို့ ၁၂၄ ကျောင်း တိုးတက်လာခဲ့တယ်။ ယခင် တက္ကသိုလ်ကျောင်းသားဦးရေ တစ်သိန်း သုံးသောင်းကျော်ကနေ ယခု ခုနစ်သိန်းကျော် ရှိလာတာကြောင့် ငါးသိန်းကျော် တိုးတက်ပညာသင်ယူလာခဲ့ကြတယ်။

ပညာသင်ယူနိုင်မှုအခွင့်အလမ်း တိုးတက်လာလို့ စာတတ်မြောက်မှုမှာလည်း ၇၉ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သလို ဘွဲ့လွန်ပညာရှင်များနဲ့ ပညာတတ်မြောက်မြားစွာ မွေးထုတ်နိုင်ခဲ့ပြီးဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံ ၂၀၀ အသစ် တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်တာကြောင့် ယခုအခါ ဆေးရုံပေါင်း ၈၃၁ ရုံရှိပြီ ဖြစ်တယ်။ ဒါ့အပြင် ဆေးရုံ ၁၄၉ ရုံကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။

## ပညာရှင်များမွေးထုတ်

ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ၁၆ ခု ဖွင့်လှစ်ကာ ဆေးဘက်ဆိုင်ရာ ပညာရှင်များစွာ မွေးထုတ်ပေးလာနိုင်ခဲ့တယ်။

ဆေးရုံများ အသစ်တိုးချဲ့ အဆင့်မြှင့်တင်တာနဲ့အညီ ဆရာဝန်၊ သူနာပြုဝန်ထမ်း တိုးချဲ့ခန့်ထားခဲ့သလို ဆေးနဲ့ဆေးပစ္စည်းကိရိယာများလည်း တိုးတက်ဖြည့်ဆည်းပေးခဲ့တယ်။ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုမြင့်မားလာတာနဲ့အညီ လူ့သက်တမ်းဟာလည်း တိုးတက်လာခဲ့ပြီဖြစ်တယ်။

**မောင်တို့မယ်တို့-**

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးမှာ အဓိကအကျဆုံးလိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမှိတ်မသုန်ယုံကြည်တယ်။

## သိသိသာသာတိုးတက်

နိုင်ငံရဲ့ အရေးကြီးဆုံးလိုအပ်ချက်အဖြစ် အားလုံးကလည်း ရှုမြင်နိုင်စွမ်းရှိတာကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်ဟာ အောင်မြင်လာခဲ့တယ်။ အချင်းချင်းယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသအသီးသီးရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှု သိသိသာသာတိုးတက်လာခဲ့တယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဟာ သမိုင်းရဲ့လိုအပ်ချက်ဖြစ်တယ်။

ဒါ့ကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မိမိကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်ခဲ့တယ်။

နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပထမဆုံးစတင်ခဲ့တာဟာ လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးရတဲ့ နယ်စပ်ဒေသတွေမှာ ဖြစ်တယ်။ နယ်စပ်ဒေသတွေမှာ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်း၊ စိုက်ပျိုးမွေးမြူရေးအပိုင်း၊ ပညာရေး၊ ကျန်းမာရေးအပိုင်းတွေမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။

## လက်တွဲဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် ဘဏ္ဍာငွေမှ ကျပ်သန်းကိုးသောင်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့တယ်။ ဒီလို စီမံကိန်းလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရဟာ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများနဲ့ လက်တွဲဆောင်ရွက်ခဲ့တယ်။

အားလုံးစေတနာမှန်နဲ့ ဖော်ဆောင်ခဲ့တာကြောင့် သိသာတဲ့ ဖွံ့ဖြိုးမှုရလဒ်တွေ ပေါ်ထွန်းလာခဲ့တယ်။ ဖွံ့ဖြိုးမှုနဲ့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေခံကောင်းတွေလည်း တစ်ပါတည်း တိုးတက်လာခဲ့တယ်။

**မောင်တို့မယ်တို့-**

နိုင်ငံတော်မှာ အလေးထားပြီး အရှိန်အဟုန်ရှိရှိ ဆောင်ရွက်နေတာကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ပဲဖြစ်တယ်။ ကျေးလက်ရဲ့အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်(၅)ရပ် အပါအဝင် ကျေးလက်မီးလင်းရေး လုပ်ငန်းစဉ်ကိုပါ မောင်တို့မယ်တို့ရဲ့ တက်ကြွတဲ့အားနဲ့ ဇောက်ချလုပ်ဆောင်သွားကြရမှာ ဖြစ်တယ်။

အညာဒေသအပါအဝင် လိုအပ်တဲ့နေရာတွေမှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးအတွက်လည်း အကြားအလပ်မကျန်အောင် ဆောင်ရွက်ကြရမယ်။

၂၀၀၂ ခုနှစ် ဇန်နဝါရီလအတွင်းက ပြည်နယ်/တိုင်းအလိုက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြိုဆိုထောက်ခံပွဲများ ပြုလုပ်ခဲ့ကြပြီး သင်းလုံးကျွတ် အထူးအစည်းအဝေးကြီးနဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေ တိုင်ပင်ဆုံးဖြတ်ကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ အကောင်အထည်ဖော်နေကြတာ အားရစဖွယ်တွေ့မြင်နေရတယ်။

## ဖွံ့ဖြိုးတိုးတက်မှုရလဒ်

ယခုပြောခဲ့တဲ့ (၁၀)စုနှစ် တစ်ခုကျော် နေ့၊ ညမနား တည်ဆောက်ခဲ့ရာမှာ မောင်တို့မယ်တို့ အသင်းသူအသင်းသားများနဲ့အတူ ပြည်သူတွေ လက်တွဲပါဝင်ခဲ့ကြတယ်။ အဲဒီလို နေ့၊ ညမနား အရှိန်အဟုန်ပြင်းပြင်းနဲ့ တည်ဆောက်ခဲ့တာကြောင့် ဒေသစုံ၊ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းတွေကို တွေ့မြင်နေကြပြီဖြစ်တယ်။

**ဖွံ့ဖြိုးတိုးတက်မှုရဲ့အဓိပ္ပာယ်ထဲမှာ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှုအပါအဝင် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားတွေ ပါဝင်တယ်။ အဲဒီလို အရှိန်အဟုန်နဲ့တည်ဆောက်နေတဲ့ ခိုင်မာတဲ့အခြေခံအုတ်မြစ်အပေါ်မှာ အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမှာဖြစ်တယ်။ လွတ်လပ်ရေးရပြီးနောက်ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေများကို ဆန်းစစ်ပြီးရရှိခဲ့တဲ့ သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိကျင့်သုံးနိုင်အောင် ပဓာနကျတဲ့ အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာဖြစ်တယ်။**

အဲဒါတွေကတော့ နိုင်ငံတော် အေးချမ်းတည်ငြိမ်အောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားရေးခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးနဲ့ အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးတို့ပဲ ဖြစ်တယ်။

## မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်တည်ဆောက်ရေးမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နဲ့အတူ နိုင်ငံရေးအရ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်နေတာ အားလုံးအသိပဲဖြစ်တယ်။

အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် ခိုင်လုံစိတ်ချရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အသေးစိတ်အခြေခံရမယ့် (မူ)တွေကို ဆွေးနွေးတိုင်ပင်နေကြတယ်။

အတိတ်သမိုင်းရဲ့ သင်ခန်းစာတွေအရ အသက်နှင့်အမျှ တန်ဖိုးထားပြီး အလေးအနက်ဆောင်ရွက်နေကြတာလည်းဖြစ်တယ်။ မောင်တို့မယ်တို့ကိုယ်တိုင်လည်း လူထုအခမ်းအနားကြီးများနဲ့ ကြိုဆိုထောက်ခံခဲ့ကြပြီး တက်တက်ကြွကြွ ပါဝင်နေကြတာ တွေ့ရတယ်။

**မောင်တို့မယ်တို့-**

ယခုပြောခဲ့တဲ့ နိုင်ငံတော်တည်ဆောက်ရေး ဖြစ်ပေါ်တိုးတက်မှုအစဉ်တွေဟာ အနှောင့်အယှက် အခက်အခဲတွေကြားက ကိုယ့်အားကိုယ်ကိုး ပြည်သူအားကိုးနဲ့ ကြိုးပမ်းအကောင်အထည်ဖော်နေတာဖြစ်တယ်။ တိုင်းပြည် ချစ်မြတ်နိုးတဲ့စိတ်နဲ့ မဖြစ်မနေကြိုးပမ်းလုပ်ကိုင်နေတာ ဖြစ်တယ်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နေ့မအား ညမနား ကြိုးစားနေတာဖြစ်တယ်။

ဒီအနှောင့်အယှက် အကျပ်အတည်းတွေသာမရှိရင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လိမ့်မယ်။ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာမှာလည်း ပိုမိုမြန်ဆန်လာမှာပဲဖြစ်တယ်။ ပြည်ထောင်စုကြီး မပြိုကွဲဖို့၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲဖို့၊ အချုပ်အခြာအာဏာဆုံးရှုံးပြီး သူတစ်ပါးစေခိုင်းသမျှ လုပ်ရတဲ့ဘဝကို မရောက်ဖို့ ကြိုးစားဆောင်ရွက်နေကြရခြင်းပဲ ဖြစ်တယ်။

ဒါ့ကြောင့် မောင်တို့မယ်တို့ကို မှာလိုတာကတော့-

ဒို့တာဝန်အရေးသုံးပါးကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ကြပါ။ အကျပ်အတည်း ဘယ်လိုပဲရှိရှိ ကျော်လွှားနိုင်အောင် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို မွေးမြူပါ။

ယခု သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြပါ။ လက်ရှိနိုင်ငံတော်နဲ့ ပြည်သူများ ရရှိခံစားနေရတဲ့ အခြေခံကောင်းတွေ လျော့ပါးယုတ်လျော့မှုမရှိအောင် ကာကွယ်ထိန်းသိမ်းရင်း ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။

## ပူးပေါင်းလက်တွဲဆောင်ရွက်

အသင်းကြီးက သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ။

ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိပ္ပာယ်ထဲမှာ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှု အပါအဝင် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား တွေပါဝင်တယ်။ အဲဒီလို အရှိန်အဟုန်နဲ့တည်ဆောက်နေတဲ့ ခိုင်မာတဲ့အခြေခံအုတ်မြစ်အပေါ်မှာ အနာဂတ် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမှာဖြစ်တယ်။ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေအနေများကို ဆန်းစစ်ပြီးရရှိခဲ့တဲ့ သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိကျင့်သုံးနိုင်အောင် ပဓာန ကျတဲ့ အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာဖြစ်။

# ကြံ့ခိုင်ဖွံ့ဖြိုး နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက် ပြည်သူ့အတွက်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသူများနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ယုံကြည်ချက်၊ ခံယူချက်တူညီသည့် အသင်းဝင်များနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အမျိုးသားရေးအဖွဲ့အစည်းကြီး ဖြစ်ပေသည်။

ထို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အသင်းဝင်များအနေနှင့် အသင်းအဆင့်ဆင့်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖြစ်သည့်–

- **နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ**
- **စိုက်ပျိုးရေးလုပ်ငန်းများ**
- **ပြည်သူ့အကျိုးပြုလုပ်ငန်းများ**

ကို တက်တက်ကြွကြွ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့်မြို့ပြ ကွာဟမှုမရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြစ်သည့်–

**(၁) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊**
**(၂) ကျေးလက်ဒေသများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊**
**(၃) ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုး၍ စီးပွားရေးတိုးတက်ရေး၊**
**(၄) ပညာရေးမြှင့်တင်ရေး၊**
**(၅) ကျေးလက်ဒေသ ကျန်းမာရေးအခြေအနေ တိုးတက်လာရေး**

တို့ကို နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပေသည်။ ထို့အတူ အသင်းကြီးသည် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေးနှင့် လောင်စာအစားထိုး ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လက်တွေ့ကျသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကြောင့် အသင်းကြီး၏ ရည်ရွယ်ချက်အခြေခံမူလုပ်ငန်းစဉ်များသည် ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့၍ နားလည်လက်ခံ ပူးပေါင်းပါဝင်လာခဲ့ကြရာ အသင်းကြီး စတင်ဖွဲ့စည်းသည်မှယနေ့အထိ အသင်းဝင်အင်အား ၂၃ ဒသမ ၆ဂသန်းခန့်အထိ တိုးတက်လာခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်တွင် အသင်းဝင်အင်အား အများဆုံးဖြစ်သဖြင့် အသင်းအဆင့်ဆင့်ကို အသင်းဌာနချုပ်တစ်ခုအပါအဝင် ပြည်နယ်နှင့်တိုင်းအဆင့် ၁၇သင်း၊ ခရိုင်အဆင့် ၆၆သင်း၊ မြို့နယ်အဆင့် ၃၂၀သင်းနှင့် ရပ်ကွက်၊ ကျေးရွာအသင်း ၁၅၃၃၄သင်းကို စနစ်တကျဖွဲ့စည်းထားရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်သည် လူငယ်များအား နိုင်ငံတော်၏အမျိုးသားရေးမူဝါဒ လမ်းညွှန်ချက်များနှင့်အညီ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ၁၉၉၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ၁၃နှစ်တာကာလအတွင်း ဗဟိုအဆင့်၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းသား ၁၆၅၄ဦး၊ အမှုဆောင်များစီမံခန့်ခွဲရေး သင်တန်းသား ၁၀၀၆ဂဦး၊ အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး သင်တန်းသား ၁၄၉၄ဦး၊ အထူးမွမ်းမံသင်တန်းသား ၁၂၇၂ဦး၊ နိုင်ငံတကာဆက်ဆံရေး သင်တန်းသား ၂၁၂ဦး၊ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုနည်းပြ သင်တန်းသား ၆၅၉ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာ သင်တန်းသား ၇၄၅ ဦး၊ ကွန်ပျူတာဒီပလိုမာ သင်တန်းသား၉၉ဦး၊ လုပ်ငန်းသုံးစာရင်းပညာ ဒီပလိုမာသင်တန်းသားဂ၃ဦး၊ အခြေခံနှင့် ရုံးသုံးကွန်ပျူတာ

### မောင်ခိုင်ခန့်
### (အမျိုးသားစာပေဆု)

သင်တန်းသား၃၁ဦး၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းသား ၁၁၂ဦး၊ အခြေခံသတင်းစာပညာ သင်တန်းသား ၃၀၉ဦး၊ သတင်းအချက်အလက် ဆက်သွယ်ရေးကွန်ရက် သင်တန်းသား ၅၅ဦးနှင့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းသား ၄၁၅ဦး၊ စုစုပေါင်းသင်တန်းသား ၁၇၂၀ဂဦးတို့ကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

ထို့အတူ ပြည်နယ်နှင့်တိုင်း ခရိုင်၊ မြို့နယ်အဆင့်အသင်းများတွင်လည်း အမှုဆောင်များ၊ စီမံခန့်ခွဲရေး သင်တန်းသား ၄၄၆ဂ၂ဦး၊ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုသင်တန်းသား ၂၄ဂ၇၄၄ဦး၊ အခြေခံစည်းရုံးရေး (ဆင့်ပွား) သင်တန်းသား ၅၆၇ဂ၆၅ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းသား ၂၁၉၉၄၇၁၀ဦး၊ အသက်မွေးဝမ်းကျောင်းသင်တန်းသား ၃ဂ၃၅၄ဦး၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသား ၂၀ဂ၃၀၄၇ဦး၊ အသုံးလုံးသင်တန်းသား ၃၃၇၃၉၁ဦး၊ အားကစားသင်တန်းသား ၃၀၉၇၀၅ ဦး၊ ဂီတသုခုမအနုပညာသင်တန်းသား ၁၆ဂ၁၃၇ဦးနှင့် အခြားသင်တန်းသား ၆၅၂ဂဂ၀ဦး၊ စုစုပေါင်းသင်တန်းသား ၂၆၄၄၅၅၁၅ဦး လေ့ကျင့်ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် အမျိုးသားရေးအသင်းကြီးဖြစ်သည့် အားလျော်စွာ အမျိုးသားလုပ်ငန်းစဉ်များကို အထူးအလေးပေးဆောင်ရွက်နေသကဲ့သို့ နောင်အနာဂတ်တွင် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များအတွက်ရည်ရွယ်၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ထွန်းကားပြန့်ပွားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

အထူးသဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အသင်းနာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသော ဩဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကျင့်သုံးလျက်ရှိသည်။

အသင်းအဆင့်ဆင့်သည် နှစ်စဉ်နှစ်တိုင်း မပျက်မကွက်ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်ပေးသည့် ရှေ့လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလိုက်နာကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ ၂၀၀၆ခုနှစ်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)က ချမှတ်ခဲ့သည့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ဖြစ်သည့်–

၁။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန် အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်တည် ဆောက်ရေး။

၂။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို အသင်းကြီး၏ မူဝါဒအဖြစ်ခံယူကျင့်သုံးရေး။

၃။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး။

၄။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သောပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး။

၅။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးခိုင်မာ တောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များအောင်မြင် ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး။

၆။ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တတိယကာလတို ငါးနှစ်စီမံကိန်း အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရေး။

၇။ အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်း စွမ်းရည်မြှင့်တင်ရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေးနှင့် နယ်ပယ်အားလုံးကွက်ပြည့်တိုးချဲ့စည်းရုံးရေး၊

ဂ။ လုပ်ငန်းစဉ်ကြီး (၅)ရပ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း စည်းရုံးရေးခိုင်မာစွာ တည်ဆောက်ရေး။

၉။ အသင်းနာယကကြီး မိန့်ကြားလာသော ဩဝါဒများအား မိမိတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေး

တို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပေသည်။

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံသားတိုင်း၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်သူလူထုနှင့်အတူ လက်တွဲ၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

၉–၁၁–၂၀၀၆
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ဂ။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ဂး၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ဂး၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ဂ။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း–၁၆)
- ဂး၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁ဂ။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း–၂၂)



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၆၄ နေ ဦးဟန်လှ–ဒေါ်ကြင်အောင် ဓားနှစ်လက်ပုဆိုး မိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

## သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ဂ**

ဗိသုကာ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁ဂရက် (စနေနေ့) ညနေ ၃ နာရီတွင် အမှတ် (၃၅/၃၇) ဗိုလ်တီးစားသောက်ဆိုင် ဗဟိုလမ်း (အာရှတော်ဝင်ဆေးရုံမျက်စောင်းထိုး) စမ်းချောင်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

ဗိသုကာ ရောင်းရင်းများနှင့် မြန်မာနိုင်ငံ ဗိသုကာအသင်းသားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားကြောင်းသိရသည်။

**(က–ပ)**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး (၁၄)နှစ်အောက် အာရှလူငယ်တင်းနစ်ပြိုင်ပွဲ(နှစ်ယောက်တွဲ) တွင် ရွှေတံဆိပ်ဆု ရရှိခဲ့ကြသည့် မောင်အောင်ကိုဦးနှင့်အဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ခုနစ်ခုရရှိသည့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ဆန်းမင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၆ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မသန္တာမြင့်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

### သိပ္ပံဘာသာ

ယင်းနောက် ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာ ပထမ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများဖြစ်သည့် ကချင်ပြည်နယ် မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မဖြူဖြူဝင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးမို့မို့ဝေ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မင်းနိုင်လင်းထက်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ မလဲန်ဇာမွေး၊ စစ်ကိုင်းတိုင်း ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ခွန်သီဟိန်းနှင့် မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သီဟ ဆွေ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဟေမာစိုး၊ ပဲခူးတိုင်း (အရှေ့) ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မငုဝါဝါဖူး၊ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းထက်ထက်ကျော်နှင့် ပခုက္ကူမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မျိုးကိုကိုချစ်၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရဲမင်းသိမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းနှင်းဝင်းနှင့် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မသဉ္ဇာထွန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ စိုင်းဆူးဝမ်းကျောက်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

### ဝိဇ္ဇာဘာသာ

ထို့နောက် ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာ ပထမ ရရှိခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲကရင်(အိန္ဒု) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်သီဟအောင်၊ ချင်းပြည်နယ် မတူပီမြို့မှ မဇင်မာရွှေ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မထူးနိုင်ထူး၊ တနင်္သာရီတိုင်း ထားဝယ်မြို့မှ မောင်အောင်ယုရှိန်၊ ပဲခူးတိုင်း (အရှေ့) ရွှေကျင်မြို့ တံခွန်တိုင် အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သူရအောင်၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ မခင်ခင်ကြွယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့မှ မဇင်မာထွေး၊ ရခိုင်ပြည်နယ် သံတွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း (ကင်းမော်)မှ မောင်ဇော်နိုင်ထွန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းမှ မမြင့်မြင့်မိုးနှင့် တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းဝေရီတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အာရှအဆင့်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများဖြစ်ကြသည့် (၁၄)နှစ်အောက် အာရှလူငယ်တင်းနစ်ပြိုင်ပွဲ(နှစ်ယောက်တွဲ) တွင် ရွှေတံဆိပ်ဆု ရရှိခဲ့ကြသော မောင်အောင်ကျော်နိုင်၊ မောင်အောင်ကိုဦး၊ မသန္တာအောင်နှင့် မခိုင်ငြိမ်းသာတို့အားလည်းကောင်း၊ ၂၀၀၆ ခုနှစ် ထူးချွန်ကြက် ခြေနီတပ်ဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မောင်ရဲထွဋ်ဝင်းနှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မသန္တာမြင့်တို့အား လည်းကောင်း၊ ၂၀၀၆ ခုနှစ် ထူးချွန်အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်း လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လုနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ တပ်သား မငယ်ငယ်ထွေးတို့အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ထူးချွန်စွာပထမဆုရရှိခဲ့သော ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ မောင်ကျော်မောင်မောင်စိန်အား လည်းကောင်း၊ နိုင်ငံတော်ကကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးဆုနှင့်အထက်ရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများဖြစ်ကြသည့် ရွှေတံဆိပ်ခုနစ်ဆုရ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှမောင်အောင်ဆန်းမင်း၊ ရွှေတံဆိပ် ခြောက်ဆုရ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးလင်းဦး၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာ ပမြို့နယ်အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ မကေဇင်ချစ်စုနှင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ မလွင်လွင်ချိုထွန်း၊ ရွှေတံဆိပ်ငါးဆုရရှိခဲ့ကြသော ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထွန်းနန္ဒ၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ မနန္ဒာဝင်းဗိုလ်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးမင်းသူ၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှမောင်ထက်အာကာ၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲမင်း၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မတင်ဇာလွင်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မတင်မို့မို့လွင်တို့အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"ကိုလိုနီစရိုက်ကို ဖျောက်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ဖော်ဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနလုပ်ငန်းကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဟု သတ်မှတ်ထားရှိသည်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေးပစ္စည်း၊အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှု ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း၊ ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူ ပြည်သူလူထုကိုယ်တိုင်က ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး(ဖုန်း-၀၆၇-၄၁၂၀၄၀၊ ဖက်(စ်)၀၆၇-၄၁၂၀၁၆) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယဝန်ကြီး (ဖုန်း-၀၆၇-၄၁၂၀၇၂) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဖုန်း-၀၆၇-၄၁၂၀၆၉၊ဖက်(စ်) ၀၆၇-၄၁၂၄၃၉) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော် e-mail; ddg.gad@gad.gov.mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှုမဖြစ်စေရန် တာဝန်ယူသည်။ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၀၆ခုနှစ် နိုဝင်ဘာ၉ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးကုသစရိတ် ထောက်ပံ့လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ ဦးဆောင်၍ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးငယ်ရွယ် အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲတို့မှ အဖွဲ့ဝင်များပါဝင်သော အဖွဲ့တို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်း အသားအစားထိုး ခွဲစိတ်ကုသဌာနတွင် ဆေးကုသမှုခံယူလျက်ရှိသော မအေးအေးအောင် အသက်၂၀နှစ်(ဘ)ဦးရန်ရှင်း ကန်ကြီးရပ် မြိတ်မြို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးကုသရန်ထောက်ပံ့ကြေးငွေ ကျပ်တစ်သိန်းနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ယနေ့နံနက် ၁၀နာရီ၁၅မိနစ်တွင် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

# လာအိုနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်၊ ရွှေတိဂုံစေတီတော်မြတ်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်များအား လှည့်လည်ဖူးမြော်

**ရေသပ္ပာယ်**

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်း ရွှေတိဂုံစေတီတော်တွင် ဗုဒ္ဓဆင်းတုတော်အား ရေသပ္ပာယ်စဉ်။**

(သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းခေါင်းဆောင် သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်များအားလည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်အားလည်းကောင်း၊ ညပိုင်းတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်အားလည်းကောင်း လှည့်လည်သွားရောက် ဖူးမြော်ကြည်ညိုကြသည်။**

## ညောင်ဦးမြို့ရောက်ရှိ

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးညွှန့်လှိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်သာဗွီဘိုဒီစမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာလာကြရာ နံနက်ဂနာရီမိနစ်၄၀၌ မန္တလေးတိုင်း ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆို

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရင်ပြင်တော် အရှေ့ဘက်ရှိ ကြေးမတ်ရုပ် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ် စံပယ်တော်မူသော ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းများဖြင့် ဆက်ကပ်လှူဒါန်းပြီး ထီးတော်မဏ္ဍပ်မှ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်နှင့် ပန်းများဖြင့် ဆက်ကပ် လှူဒါန်းကာ ဖူးမြော်ကြည်ညိုသည်။

## ဓမ္မလက်ဆောင်ပေးအပ်

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဘဏ္ဍာတော်ထိန်းအဖွဲ့ရုံး ဧည့်ခန်းမရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌကလက်ခံယူကာ ရွှေစည်းခုံစေတီတော်မြတ်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညိုရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးညွှန့်က စေတီတော်၏ သမိုင်းကြောင်းနှင့် သာသနိက အဆောက်အအုံများ၏ မြန်မာမှု အနုပညာလက်ရာများအကြောင်းကို လိုက်လံရှင်းလင်း ပြောကြားသည်။

## ကြည်ညို

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရင်ပြင်တော်အရှေ့ဘက်ရှိ ရေချိန်ခွက်မှတစ်ဆင့် စေတီတော်၏ထီးတော်ကို ကြည်ညိုသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၏ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် အာနန္ဒာဘုရားသို့ ရောက်ရှိရာ စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဂေါတမဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းနှင့်ရေချမ်းတို့ဖြင့်လည်းကောင်း၊ ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအားလည်းကောင်း ဖူးမြော်ကြည်ညိုပြီး မြန်မာမှုအနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဂေါပကအဖွဲ့ရုံးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အာနန္ဒာဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံကာ ဓမ္မလက်ဆောင်အဖြစ် အာနန္ဒာဘုရားပုံတော် ယွန်းရွှေရေး ပန်းချီကားကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူးဦးမျိုးညွှန့်အောင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ရှေးဦးစွာ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပင်မပြခန်းအတွင်း ခင်းကျင်းပြသထားသော ပုဂံခေတ် အနော်ရထာမင်းတရားကြီး၏ သူရဲကောင်း လေးဦးတို့၏ ရုပ်တုများ၊ ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာနှင့် မြန်မာ့ရှေးဟောင်း အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သုံးဖက်မြင် ပန်းချီကားချပ်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ၍ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗိသုကာ ပြခန်းနှင့် ပုဂံနန်းမြို့ပြခန်းများရှိ ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ပြတိုက်အစည်းအဝေးခန်းမရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ညောင်ဦးမြို့နယ် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမိသားစု ယွန်းထည်ဆိုင်သို့ ရောက်ရှိကြပြီး မြန်မာမှု အနုပညာ ယွန်းထည်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ ယွန်းထည်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုလေ့လာ

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပုဂံနန်းမြင့်မျှော်စင်သို့ရောက်ရှိကြပြီး မျှော်စင်ပေါ်မှနေ၍ ပုဂံမြို့ရှိ ရှေးဟောင်းအမွေအနှစ် ဘုရား၊ ပုထိုး၊စေတီတော်များကိုလည်းကောင်း၊ ပုဂံ၏ ရှုခင်းအလှကိုလည်းကောင်း ကြည်ညို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ဘုဖာဝမ်းခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပုဂံနန်းမြင့်မျှော်စင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

## ဂါရဝပြုပေးအပ်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် ဧည့်သည်တော် ဝန်ကြီးချုပ်အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြန်မာမှုလက်ရာ ယွန်းရွှေရေးပန်းချီကားချပ်နှင့် ဆွမ်းအုပ်တို့ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ပုဂံနန်းမြင့်မျှော်စင်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ပုဂံညောင်ဦးလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား သယ်ဆောင် ပျံသန်းလာသော အထူးလေယာဉ်သည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များ ဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်အနီးရှိ ရဟတ်ယာဉ်ကွင်းသို့ရောက်ရှိရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့်အတူ ကျိုက်ထီးရိုး စေတီတော်ရင်ပြင်ပေါ်သို့ ရောက်ရှိကြပြီး အာရုံခံတန်ဆောင်း၌ ကျိုက်ထီးရိုး စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ကျိုက်ထီးရိုးစေတီတော်ဧည့်သည်တော်မှတ်တမ်း၌ မှတ်တမ်းရေး လက်မှတ်ထိုးပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်အား ကျိုက်ထီးရိုးစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံကာ ထုတိ အနုမောဒနာ ဂုဏ်ပြုလွှာနှင့် ကျိုက်ထီးရိုးစေတီတော် ပုံတော်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ကျိုက်ထီးရိုး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညို၍ ဘုရားဖူးပြည်သူများအား ရင်ပြင်ပေါ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျိုက်ထီးရိုး စေတီတော်မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများအား ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရှေးဦးစွာ စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ စေတီတော် မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်း ပြောကြားသည်။

## အလှူငွေများပေးအပ်

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်များဖြင့် ကပ်လှူပူဇော် ဖူးမြော် ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့က လက်ခံကာ ရွှေတိဂုံစေတီတော်မြတ်ကြီး ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး သာယာဝတီမင်း ခေါင်းလောင်းထိုးကြကာ စေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည်ညိုကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**


**နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့**

**လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၆ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၂-၁၁-၂၀၀၆)ရက်နေ့**

**နှင့်**

**(၂၆-၁၁-၂၀၀၆)ရက်နေ့**

# ကမ္ဘာတစ်လွှား အားကစား

## ကားလင်းဖလားစတုတ္ထဆင့်များ ယှဉ်ပြိုင် မန်ယူတို့ ကားလင်းဖလားကို စောစီးစွာလက်လွှတ်ရပြီ

လန်ဒန် နိုဝင်ဘာ ၈

**ကားလင်းဖလားစတုတ္ထဆင့် ရှုံးထွက်ပြိုင်ပွဲများကို နိုဝင်ဘာ ၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ နယူးကာဆယ်နှင့် ချာလ်တန်တို့ အသီးသီး အနိုင်ရရှိခဲ့ကြပြီး မန်ချက်စတာယူနိုက်တက်အသင်းမှာ ရှုံးနိမ့်ခဲ့ရသည်။**

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

### ဝက်ဖို့ဒ်–နယူးကာဆယ်

ဝက်ဖို့ဒ်အသင်းနှင့် နယူးကာဆယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် တစ်ဖက် တစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုကစားရာတွင်လည်း တစ်ဖက် နှစ်ဂိုးစီ သရေပြန်ဖြစ်သွားခဲ့သည်။

ထိုသို့ သရေကျနေ၍ ပယ်နယ်တီ ကန်သွင်းကြရာ နယူးကာဆယ်က ငါးဂိုး–လေးဂိုးဖြင့်အနိုင်ရရှိသွားသည်။

ယင်းတို့ နှစ်သင်းသည်ပုံမှန်ကစား ချိန်တွင် နယူးကာဆယ်ကပွဲစပြီး သုံး မိနစ်၌ ဆစ်ဘာစကီက ဖွင့်ဆော်ဦး ဂိုးစသွင်းသည်။ ပွဲချိန် ၆၉ မိနစ်တွင် ဖရန့်ဆစ်က ဝက်ဖို့ဒ်အသင်း အတွက် ချေပဂိုးသွင်းခဲ့သည်။

အချိန်ပိုကစားရာတွင် ဝက်ဖို့ဒ်မှ စစ်တူက ဒုတိယမြောက်ဂိုးသွင်းယူခဲ့ ပြီး ယင်းဂိုးကို နယူးကာဆယ်မှ ပါကာ က ချေပဂိုးပြန်သွင်း၍ အချိန်ပိုကစား ပြီးချိန်အထိ တစ်ဖက်နှစ်ဂိုးစီဖြစ်၍ ပယ်နယ်တီကန်သွင်းကြသည်။

ယင်းနောက် ပယ်နယ်တီခြောက် လုံးစီကန်သွင်းကြရာ နယူးကာဆယ် မှ ဆိုလာနို၊ အမ်မရီ၊ ဒပ်ဖ်၊ ကာရာနှင့် ဇိုဘီယာတို့ အသီးသီးဂိုးဝင်ကြပြီး မီလ်နာကန်သွင်းချက် လွဲချော်ခဲ့သည်။

ဝက်ဖို့ဒ်မှ ဟန်ဒါဆွန်၊ စပရင့်၊ ဘန်ဂူရားဘော့ဇ်ဇာတို့ အသီးသီးဂိုးဝင် ကြပြီး ရန်းနှင့်စတီဝပ်တို့ ကန်သွင်း သည့် ပယ်နယ်တီများ လွဲချော်ခဲ့ သည်။

ပွဲအပြီး နယူးကာဆယ်က ပယ်နယ် တီ ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင်နယူးကာဆယ်ဂိုးသမား စတိဗ်ဟာပါ အစွမ်းပြကာကွယ်ပေး နိုင်ခဲ့၍ နယူးကာဆယ်တို့ ကားလင်း ဖလားမျှော်လင့်ချက်ဆက်လက်ရှင်သန် စေခဲ့သည်။

### ဆောက်သ်အင်း–မန်ယူ

မန်ယူတို့ ပရီမီယာလိဂ်ပြိုင်ပွဲများ တွင် အခြေအနေ ကောင်းနေသော် လည်း ပွဲပန်းနေမှုကြောင့် ကားလင်း ဖလား ပြိုင်ပွဲတွင် ဆောက်သ်အင်း အသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်ပြီး ကားလင်းဖလားကို နှုတ်ဆက်ခဲ့ရပြီ ဖြစ်သည်။

ဆောက်သ်အင်း၏ တစ်လုံး တည်း သော အနိုင်ဂိုးကို ထိပ်တန်း ဂိုးသွင်းသူ ဖရက်ဒီအိစ်ဝုဒ်က ပွဲစပြီး ၂၇မိနစ် အကြာ ကိုက် ၃၀အကွာမှ တည်ကန် ဘောကန်သွင်းရာမှ ဂိုးဝင် သွားခဲ့ခြင်း ဖြစ်သည်။

**မန်ယူတိုက်စစ်မှူး ရွန်နေ (ယာ)၏ ထိုးဖောက်ကစားမှုကို ဆောက်သ်အင်းမှ ဂါရီဟူးစပါးက ဤသို့ ဘောလုံးရရှိရေး ကြိုးစားခဲ့ သည်။** (ဓာတ်ပုံ–အင်တာနက်)



မန်ယူတောင်ပံ ကစားသမား စီရို နယ်ဒို ချေပဂိုးသွင်းရန် ကြိုးစားခဲ့သည့် နှစ်ကြိမ်မှာလည်း ဆောက်သ်အင်း ဂိုး သမား ဖလာဟာဗင် ကာကွယ်ပေးနိုင် ခဲ့သည်။

### ချက်စတာဖီးလ်–ချာလ်တန်

ချက်စတာဖီးလ်နှင့် ချာလ်တန် အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာတွင် ပုံမှန် ကစားချိန်၌ တစ်ဖက်နှစ်ဂိုးစီ သရေ ကျနေပြီး အချိန်ပိုကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ ထပ်မံသွင်းယူကြ၍ တစ်ဖက် သုံးဂိုးစီဖြင့် သရေပြန်ဖြစ်သွားခဲ့သည်။

ထိုသို့ သရေကျနေ၍ ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းကြရာ ချာလ်တန်က လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချာလ်တန်မှ ဒါရင်ဘင့်၊ ရိဒ်၊ အမ် ဘရော့နှင့် ရှရီဒါဆွန်တို့ အသီးသီး ဂိုးဝင်အောင် ကန်သွင်းနိုင်သော်လည်း ဟက်ဆယ်ဘိန့် ကန်သွင်းချက်မှာ လွဲချော်ခဲ့သည်။

ချက်စတာဖီးလ်မှ ဟက်စ်၊ စမစ်၊ အော်လီဆွန်တို့ကန်သွင်းချက်များ ဂိုး ဝင်ခဲ့သော်လည်း နီဗန်နှင့်အော့လော့တ် တို့ကန်ချက်များ လွဲချော်ခဲ့သည်။

### အခြားပွဲ

အခြား ကားလင်းဖလားပွဲအဖြစ် နော့ကောင်တီအသင်းနှင့် ဝိုင်ကွမ်ဘီ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝိုင် ကွမ်ဘီအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ။ **(အင်တာနက်)**



**ဟန့်တား**

**နယူးကာဆယ်မှ ဒါမီယန်ဒပ်ဖ်** (ယာ) **၏ ထိုးဖောက်မှုကို ဝက်ဖို့ဒ်မှ ဒွိုင်းလီ ဟန့်တားရန် ဤသို့ ကြိုးစားခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

## ဘွန်ဒက်စ်လီဂါ ဘောလုံးပွဲများ ဆက်လက်ကစား ဝါဒါဘရီမင်တို့ အဝေးကွင်းနိုင်ပွဲရပြီး တန်းစီဇယား၌ ဦးဆောင်

ဘာလင် နိုဝင်ဘာ ၈

**ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၇ရက်က ဆက်လက်ကစားရာ စတုဂတ်နှင့် ဟမ်းဘတ်အက်စ်ဗွီတို့ပွဲတွင် စတုဂတ်က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နုရင်ဘတ်နှင့်ဝါဒါဘရီမင်တို့ပွဲတွင် ဝါဒါဘရီမင်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

### နုရင်ဘတ်နှင့်ဝါဒါဘရီမင်

တန်းစီဇယား ထိပ်ဆုံးနေရာကို ပြန်လည်စိုးမိုးရန်အတွက် ကြိုးစားခဲ့ သော ဝါဒါဘရီမင်တို့ အဝေးကွင်း၌ နုရင်ဘတ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ရှိခဲ့သဖြင့် တန်းစီဇယား ထိပ်ဆုံးသို့ ပြန်ရောက်လာသည်။ ၄–၄–၂ ပုံစံဖြင့် ကစားခဲ့သော ဝါဒါဘရီမင်သည် တိုက်စစ်တွင် ဟန့်နှင့် ကလိုဆေးတို့ နှစ်ဦးကိုထားပြီး ကစားခဲ့ရာ ဂိုးသွင်းခွင့် နှစ်ကြိမ်ရခဲ့ပြီး အပိုင်ကန်သွင်းခွင့် သုံးကြိမ်မှ နှစ်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

**နုရင်ဘတ်နှင့် ဝါဒါဘရီမင်တို့ပွဲတွင် ဝါဒါဘရီမင်မှ ဖရင်းစ်** (အလယ်) **ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



### ဂိုးသွင်းယူ

ဝါဒါဘရီမင်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၂မိနစ်၌ ကွင်းလယ်ကစား သမား တောစတင်ဖရင်းက သွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။

### ရှုံးနိမ့်

ဝါဒါဘရီမင်အတွက် ဒုတိယဂိုးကို ပွဲချိန် ၇၉မိနစ်၌ ကွင်းလယ်ကစား သမား ဒိုင်ဂိုးက တစ်ဂိုးသွင်းယူခဲ့ပြန် သဖြင့် နှစ်ဂိုးရရှိခဲ့သည်။ နုရင်ဘတ် အတွက် ချေပဂိုးကို မိနစ်၉၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ဗာနိုဗစ်က သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုး– တစ်ဂိုးဖြင့်နုရင်ဘတ်တို့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

### ထိပ်ဆုံးနေရာတွင်ရပ်တည်

ယခုပွဲ ဝါဒါဘရီမင်နိုင်ပွဲရရှိခဲ့သဖြင့် ၁၁ပွဲ ကစား ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲ ရှုံးဖြင့် တန်းစီဇယားထိပ်ဆုံးနေရာ တွင်ရပ်တည်နေပြီး နုရင်ဘတ်မှာ ၁၁ပွဲ ကစား ၁၃ မှတ်ဖြင့် အဆင့် ၁၀၌ရှိနေ သည်။

### စတုဂတ်နှင့် ဟမ်းဘတ်အက်စ်ဗွီ

စတုဂတ်တို့ အိမ်ကွင်း၌ရရှိသည့် အခွင့်အရေးကိုအပိုင်အသုံးချနိုင်၍ ဂိုး များရရှိခဲ့ခြင်း ဖြစ်သည်။ စတုဂတ် တိုက်စစ်မှူးများဖြစ်သည့် ဂိုမက်ဇ်နှင့် မာကိုစထရီလာတို့ ဟမ်းဘတ် နောက် တန်းကို ထိုးဖောက်ကစားရန် ကြိုးစား ခဲ့သော်လည်း ဟမ်းဘတ်တို့က ကွင်း လယ်တွင်ငါးဦးအထိထားကာ နောက် တန်းခံစစ်မှူးများနှင့် အဆင်းအတက် ကစားမှုကြောင့် ပထမပိုင်း ပွဲချိန်များ၌ ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့သည်။

စတုဂတ်အတွက်အဖွင့်ဂိုးကို ပွဲချိန် မိနစ်၈၀မှသာ တိုက်စစ်မှူး ဂိုမက်ဇ် ကတစ်ဂိုးနှင့်၈၅မိနစ်တွင် ကွင်းလယ် ကစားသမား သောမက်ဟစ်ဇာပါဂါ တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် နှစ်ဂိုး ပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စတုဂတ်သည် ယခုပွဲ အနိုင်ရရှိ သဖြင့် ၁၁ပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် တန်းစီဇယား ဒုတိယနေရာတွင်ရှိနေပြီး ဟမ်းဘတ် မှာ ၁၁ပွဲ ကစား တစ်ပွဲနိုင်၊ ခြောက်ပွဲ သရေ၊လေးပွဲရှုံးဖြင့် တန်းစီဇယား ၁၅နေရာ၌ ရှိနေသည်။

### အခြားပွဲ ရလဒ်များ

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | **၀** | **–** | **၀** | **အေချန်** |
| **မိန့်ဇ်** | **၁** | **–** | **၂** | **ဝုဘတ်။** |

(အင်တာနက်)

## နိုင်ငံတကာဆုကြေးစားဘောလုံး အဖွဲ့ချုပ်(ဖစ်ပရို)၏လူငယ်တိုက်စစ်မှူးဆု မန်ယူမှ စီရိုနယ်ဒိုနှင့် ဘာစီလိုနာမှ မက်ဆီတို့ဆွတ်ခူး

**နိုင်ငံတကာဆုကြေးစားဘောလုံးအဖွဲ့ချုပ်(ဖစ်ပရို)က အကောင်းဆုံးလူငယ်ဘောလုံးသမားဆုကို မန်ချက်စတာ ယူနိုက်တက်တိုက်စစ်မှူး ခရစ်စတီယာနို ရိုနယ်ဒိုနှင့် ဘာစီလို နာနှင့် အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီတို့အား ရွေးချယ်လိုက်သည်။**

ထို့အပြင် ဖစ်ပရို၏အကောင်းဆုံး ဘောလုံးအသင်း အဖြစ် ဘောလုံးသမားများကို ရွေးချယ်ခဲ့ရာတွင်–

| | |
|---|---|
| **ဂိုး** | **– ဘတ်ဖွန်း (အီတလီ၊ ဂျူဗင်းတပ်)** |
| **နောက်တန်း** | **– သူရမ် (ပြင်သစ်၊ ဘာစီလိုနာ)၊ ကင်နာဘာရို (အီတလီ၊ ရီးရဲမက်ဒရစ်)၊ ဂျွန်တယ်ရီ (အင်္ဂလန်၊ချယ်လ်ဆီး)၊ ဇမ်ဘရော့တာ (အီတလီ၊ ဘာစီလိုနာ)။** |
| **ကွင်းလယ်** | **– အင်ဒရီရာပီရာလို(အီတလီ၊ အေစီမီလန်)၊ ကာကာ (ဘရာဇီး၊ အေစီမီလန်)။** |
| **ရှေ့တန်း** | **– ဆမ်မြူရယ်အီတူး (ကင်မရွန်း၊ ဘာစီလိုနာ)၊ သီယာရီအွန်နရီ (ပြင်သစ်၊ အာဆင်နယ်)၊ ရော်နယ်ဒင်ဟို (ဘရာဇီး၊ ဘာစီလိုနာ)။** |

(အင်တာနက်)



မန်ယူကစားသမား စီရိုနယ်ဒို။



## မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့၊ ကျန်းမာရေးပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၃

**မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီက အမရပူရမြို့နယ် မြစ်ငယ်ကျေးရွာ ဇေတဝန်ဓမ္မာရုံ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ထောက်ပံ့ပစ္စည်း လက်ခံရယူကြမည့် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ဒန်အိုး၊ ဒန်ခွက်၊ ဇလုံနှင့် အဝတ်အထည်ပစ္စည်းခြောက်မျိုးကို အိမ်ထောင်စု ၅၃ စုအား ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာ မိုးခိုင်က သန့်လေးသန့်နှင့်ပတ်သက်၍ ကျန်းမာရေး ပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စည်ပင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြည်ကြည်အေးနှင့်အဖွဲ့ လမ်းနယ်နိမိတ်တိုင်းတာမှုကို အောက်တိုဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးကြင်အေး ကြီးကြပ်စစ်ဆေးစဉ်။**
(မြို့နယ် ပြန်/ဆက်)



## ပညာရေးအရည်အသွေး မြှင့်တင်ရေးသင်တန်းဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၂**

ပျဉ်းမနားခရိုင် ပညာရေးဌာနက ကြီးမှူး၍ ပညာရေး အရည်အသွေး မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက်၉နာရီက ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် ပညာရေးမှူးဦးလှထူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပညာရေးအရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(၀၉၉)

**၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် တောင်ကုတ်မြို့ လျှပ်စစ်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျောက်စုဆောင်းထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အောက်တိုဘာ ၂၅ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှိုင်အေးတို့က ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ် စည်ပင်)



## ကျောက်ကြီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်မှူးသင်တန်းဖွင့်၊ရည်ရွယ်ချက်များရှင်းလင်း

**ကျောက်ကြီး အောက်တိုဘာ ၂၀**

ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဆယ်အိမ်မှူး မြို့နယ်အဆင့် နည်းပြသင်တန်းကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖွင့်လှစ်ရာ သင်တန်းသူ ၆၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရသော ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က တိုင်းရင်းဆေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် မိသားစုဝင်ငွေတိုးရေး လုပ်ငန်းများကိုလည်းကောင်း၊ ကျောက်ကြီး အထကမှ ဆရာမ ဒေါ်ရီရီနိုးနာက ပညာရေးကဏ္ဍကိုလည်းကောင်း၊ မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ဌေးဌေးကြည်က ကျန်းမာရေးကဏ္ဍကို လည်းကောင်း ဟောပြော ပို့ချကြသည်။

ထို့နောက် မြို့နယ်အဆင့်နည်းပြသင်တန်း တက်ရောက်ပြီးသူများမှ တစ်ဆင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများတွင် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချပေးနိုင်ရန် အတွက် သင်တန်းမှတ်စုများကို ဝေငှပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အစားအသောက်များဖြင့် သင်တန်းသူများအား ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တီးတိန်မြို့နယ်တွင် စံကွက်စပါးရိတ်သိမ်း ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်

တီးတိန် နိုဝင်ဘာ ၃

**ချင်းပြည်နယ် တီးတိန်မြို့နှင့် တွန်းဇန်မြို့သွားကားလမ်း မိုင် ၂၀ ရှိ တောင်သူ ဦးဂင့်ဆွောမ်းခုပ်မုန်နှင့် ဦးဆွင်းလျန်မုန်တို့၏ လယ်တွင် ရွှေရင်အေးစပါးနှင့် မနောသုခစပါး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြသည်။**

အမှာစကားပြောကြား

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဒေါင်ခန့်နန်က သီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းကာ စံကွက်ရိတ်သိမ်းကြရာ ရွှေရင်အေးတစ်ဧက ၁၀၉တင်း၊ မနောသုခ၁၀၅တင်း ထွက်ရှိလျက်ရှိရာ တောင်သူများ ရွှေရင်အေးစပါးတိုးချဲ့စိုက်ပျိုးရန် အထူးစိတ်ထက်သန်လျက်ရှိကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)




## ဝေါမြို့မ စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**ဝေါ အောက်တိုဘာ ၂၅**

(၁၃)ကြိမ်မြောက် ဝေါမြို့မစုပေါင်းမဟာဘုံကထိန် ပဒေသာပင် လှည့်လည်ပွဲကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ဝေါမြို့၌ကျင်းပသည်။**(အပေါ်ပုံ)**

မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ဝေါမြို့နယ် ပြည်သူ့ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ဝေါမြို့အတွင်းရှိ ကျောင်းပေါင်း ၂၀မှ ဆရာတော် သံဃာတော် အရှင်သူမြတ် ၄၈၇ပါး ကြွရောက်တော်မူကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ်ခြောက်ရပ်ကွက်ရှိ လူမှုရေးအသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ သုခိတာရုံစာသင်တိုက် ပဓာနဆရာတော် ဒေါက်တာ အရှင်ဂမ္ဘီရဗုဒ္ဓိဆရာတော်က ငါးပါးသီလနှင့် ကထိန်သြဝါဒတရားချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုနှင့် အလှူရှင်များက ကထိန်သင်္ကန်းများကို ဇွဲမစိုးရိမ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ကထိန်သင်္ကန်း ၄၈၇စုံနှင့် ပဒေသာပင် ၂၀၏ တန်ဖိုးငွေကျပ်၇၅သိန်းရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်**
**၁၀–၁၁–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ခဲ့ရှင်ဆုရသူနှင့် ဆွေးနွေးခန်း)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပုဂံမြေ၏ လျှို့ဝှက်ချက်)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) ဆောင်းကြာခြည် (ကြည်ကြည်ဝင်း)
(၂) ဆောင်းသဇင်ဖြစ်လေတိုင်း (စန္ဒရားဘိုကြီး)
(၃) အလွမ်းညဟေမန် (ချောစုခင်)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာရောဂါများ) (ပါမောက္ခ ဒေါက်တာဒေါ်သီတာစန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရွှေအလား)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အစားအသောက်သတင်း) (မောင်ဆုရှင်)
၁၉း၁၅ ဥက္ကလာတေး ကာလပေါ်တူရိယာ အဖွဲ့ ဖျော်ဖြေခန်း
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆောင်းရယ်နှင်းရယ် ချစ်သူရယ် (တွံတေးသိန်းတန်)
(၂) မေတ္တာကိုယ်စားနှင်းပဲ့မယ် (မူမူခင်)
(၃) အလှမက်ရင်ဖြင့် (ကိုလေးမြင့်)



**ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့တွင်း လမ်းကောင်း မွန် စေရေးအတွက်တောင်စက် ရုံ လမ်းကတ္တရာ ခင်းပြုပြင် ခြင်း လုပ်ငန်း ဆောင် ရွက်နေမှုကို နိုဝင်ဘာ ၁ ရက်က အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်နု ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ်မောင်မယ်များအား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာသို့ ရောက်ရှိလာပြီး အသင့်ကြိုဆိုနေကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ အဆင့်(၁)မှ (၁၀)အထိ ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့် တိုင်းများမှ ထူးချွန်စွာ ပထမရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူ၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးဆုနှင့်အထက်ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၊ တေးသံရှင်များ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ■



### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

9-11 (20) 1 11/9/06, 2:00 PM